Generated by Foxit PDF Creator © Foxit Software
http://www.foxitsoftware.com For evaluation only.



# Network for Democracy and Development
## Documentation and Research Department

P.O Box 179, Mae Sod, Tak, 63110, Thailand. Phone: +66 85-733 4303.
E-mail: ndddrd07@csloxinfo.com; ndddrd07@gmail.com

# Weekly Political Events Regarding the SPDC's Election (014/2010)
# နအဖရွေးကောက်ပွဲနှင့် စပ်လျဉ်းသည့်တစ်ပတ်အတွင်း နိုင်ငံရေးအဖြစ်အပျက်များ (၀၁၄/၂၀၁၀)

၂၀၁၀ ခုနှစ်၊ ဧပြီလ (၂၅) ရက်နေ့မှ မေလ (၁) ရက်နေ့အထိ

နအဖနှင့် ၎င်းလက်ကိုင်တုတ်အဖွဲ့အစည်းများ

- မန္တလေးတိုင်း တံတားဦးမြို့မှ လူမှုရေးလုပ်ငန်းများ လုပ်ကိုင်နေသည့် **NLD** လူငယ်ကိုသန်းဇော်အောင်ကို ရာအိမ်မှူး ဦးသိန်းဟန်မှ ဧပြီလ ၂၃ ရက်နေ့က စာဖြင့်ဆင့်ခေါ်ပြီး ရပ်ကွက်လူမှုရေးလုပ်ငန်းများတွင် မပါဝင်ရန် ခြိမ်းခြောက်ခဲ့သကဲ့သို့ **NLD** အဖွဲ့ ဝင်အဖြစ်လည်း အတင်းအကြပ် နုတ်ထွက်ခိုင်းနေကြောင်း ကံယကံရှင်ကပြောသည်။ **(RFA 250410)** **Read More...**
- စစ်ကိုင်းတိုင်းအတွင်း စီးပွားရေးလုပ်ငန်းရှင်များနှင့် ဒေသခံကြံ့ဖွံ့များပူးပေါင်းပြီး ပြည်သူများကို အခမဲ့မျက်စိကုသပေးကာ ကြံ့ဖွံ့အသင်းဝင်အဖြစ် စုဆောင်းနေကြောင်း စစ်ကိုင်းတိုင်း ပုလဲမြို့နယ်ရှိ ဒေသခံတစ်ဦးကပြောသည်။ **(NEJ 270410)** **Read More...**
- စစ်အစိုးရကျောထောက် နောက်ခံပြုထားသည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကို လာမည့်ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် ယခုလ ၂၃ ရက်နေ့က နိုင်ငံရေးပါတီအဖြစ် ဖွဲ့စည်းလိုက်ပြီး ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်ကို ပါတီဥက္ကဋ္ဌအဖြစ် ခန့်အပ်ကြောင်း ကြံ့ဖွံ့နှင့်နီးစပ်သူတစ်ဦးကပြောသည်။ **(Irrawaddy 270410)** **Read More...**
- ပြန်ကြားရေး ဝန်ကြီးဌာနအောက်ရှိ စာပေစိစစ်ရေးဌာန အကြီးအကဲ ညွှန်ကြားရေးမှူး ဗိုလ်မှူးတင့်ဆွေကို ရာထူးတိုးမြင့်ပေးကာ အခြားသောဌာနသို့ပြောင်းရွှေ့ပေးတော့မည်ဖြစ်သည်။ **(Mizzima 270410)** **Read More...**
- မြန်မာစစ်အစိုးရအဖွဲ့ဝင် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး သိန်းစိန်အပါအဝင် ဝန်ကြီးများအဖြစ် ခန့်အပ်ထားသည့် စစ်ဗိုလ်ချုပ် ၂၂ ဦးသည် ဧပြီ ၂၆ ရက်နေ့က စစ်တပ်ရာထူးများမှ တရားဝင် နုတ်ထွက်သွားကြပြီဟု အမည်မဖော်လိုသည့် အစိုးရအရာရှိတစ်ဦးကို ကိုးကား၍ **AFP** သတင်းဌာနကဖော်ပြထားသည်။ **(RFA 270410)** **Read More...**
- နအဖစစ်အစိုးရက ဗိုလ်ချုပ်ကြီးသိန်းစိန် စစ်တပ်မှနုတ်ထွက်ပြီး အရပ်သားအဖြစ် ဝန်ကြီးချုပ် ဦးသိန်းစိန်ဟု ယနေ့ထုတ် နိုင်ငံပိုင်သတင်းစာများမှတဆင့် ဖော်ထုတ်ပြောကြားလိုက်သည်။ **(NEJ 280410)** **Read More...**
- နယ်ခြားစောင့်တပ်အသွင်ပြောင်းရေး သတ်မှတ်ရက်ကုန်ဆုံးပြီးနောက်ပိုင်း ဖြစ်ပေါ်လာနိုင်သည့် စစ်ပွဲများအတွက် ကြိုတင်ပြင်ဆင်သည့်အနေဖြင့် အထမ်းသမားများခေါ်ရန်ကိစ္စကို သျှမ်းပြည် (မြောက်ပိုင်း) မူဆယ်ခရိုင် ကြူကုတ် (ပန်ဆိုင်း) မြို့နယ် မုံးပေါ်ကျေးရွာအုပ်စု အာဏာပိုင်များအကြား ဆွေးနွေးမှုများပြုလုပ်နေသဖြင့် ဒေသခံတချို့ထွက်ပြေးတိမ်းရှောင်နေကြောင်း ဒေသခံတစ်ဦးကပြောသည်။ **(S.H.A.N 280410)** **Read More...**

Generated by Foxit PDF Creator © Foxit Software
http://www.foxitsoftware.com For evaluation only.



- နအဖစစ်အစိုးရကျင်းပပြုလုပ်မည့် ၂၀၁၀ ရွေးကောက်ပွဲအတွက် တာဝန်ယူဆောင်ရွက်ပေးမည့် ရွေးကောက်ပွဲကော်မရှင်များကို သက်ဆိုင်ရာမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ဦးဆောင်ပြီး ချင်းပြည်နယ်မြို့နယ်အသီးသီးတွင် စတင်ဖွဲ့စည်းလိုက်ပြီဖြစ်သည်။ **(Khonumthung News Group 280410) Read More...**
- ထိန်းသိမ်းခံ ဗိုလ်ချုပ်ကြီးခင်ညွန့်၏ ဇနီးဖြစ်သူ ဒေါ်ခင်ဝင်းရွှေ ထူထောင်ခဲ့သည့် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်က လာမည့်ရွေးကောက်ပွဲတွင် နိုင်ငံရေးပါတီအဖြစ် ထူထောင်ရန် အသင်းအဖွဲ့ ဖွဲ့စည်းပုံကို ပြင်ဆင်ပြီးဖြစ်ကြောင်း အမျိုးသမီးရေးရာအဖွဲ့ချုပ် အမှုဆောင်တစ်ဦးက ပြောသည်။ **(NEJ 290410) Read More...**
- စစ်ဘက်ရာထူးမှ အရပ်ဘက်ပြောင်းလိုက်သော ဝန်ကြီးချုပ် ဦးသိန်းစိန်နှင့်အဖွဲ့သည် မွန္တလေးတိုင်း သာစည်မြို့နယ်အတွင်း တည်ဆောက်ထားသော ဘိလပ်မြေစက်ရုံကို ဧပြီလ (၂၉) ရက်နေ့က ဖွင့်လှစ်ပေးခဲ့ကြောင်း ရန်ကုန်စည်ပင်အရာထမ်းတစ်ဦးကပြောသည်။ **(NEJ 300410) Read More...**
- နအဖ စစ်ခေါင်းဆောင် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ နာယကအဖြစ် တာဝန်ယူထားသော ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းက ယမန်နေ့တွင် တရားဝင်နိုင်ငံရေးပါတီအဖြစ် ပြောင်းလဲလိုက်ပြီး ယင်းပါတီကို စစ်အစိုးရဝန်ကြီးချုပ် ဦးသိန်းစိန်က ဦးဆောင်သည်။ **(NEJ 300410) Read More...**
- ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီကို ယမန်နေ့က တရားဝင်နိုင်ငံရေးပါတီအဖြစ် အသွင်ပြောင်းလိုက်ပြီးနောက် ချက်ချင်းပင် စည်းရုံးရေးလုပ်ငန်းများ လုပ်ဆောင်သည့်အနေဖြင့် ဦးသိန်းစိန်က ရန်ကုန်မြို့တော်ကိုကွန်ကရစ် လမ်းများအဖြစ် တည်ဆောက်ပေးမည်ဟု ပြောကြားလိုက်သည်။ **(NEJ 300410) Read More...**
- ဝန်ကြီးချုပ် ဦးသိန်းစိန် ဦးဆောင်သော ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီသည် ရွေးကောက်ပွဲကော်မရှင်တွင် မှတ်ပုံတင်လိုက်ပြီဖြစ်ကြောင်း အစိုးရပိုင်မီဒီယာများတွင် ဖော်ပြထားသည်။ **(Irrawaddy 300410) Read More...**
- ကချင်ပြည်နယ် မိုးကောင်းမြို့နယ်အတွင်းရှိ တရုတ်လူမျိုးများ ၂၀၁၀ ရွေးကောက်ပွဲတွင် မဲထည့်နိုင်ရန်အတွက် ဧည့်နိုင်ငံသားကဒ်များ ထုတ်ပေးရန်ရှိပြီး ပြည်ထဲရေး ဒု–ဝန်ကြီး ဗိုလ်မှူးချုပ် ဘုန်းဆွေကိုယ်တိုင် လာရောက်ကြပ်မတ်ဆောင်ရွက်ခဲ့သည်ဟု မိုးကောင်းမြို့ခံ တရုတ်လူမျိုးတစ်ဦးကပြောသည်။ **(NEJ 300410) Read More...**
- ၂၀၁၀ ရွေးကောက်ပွဲအား တိုက်ဖျက်နေသည့် ပြည်တွင်းပြည်ပအဖျက်သမားများကို မြန်မာအလုပ်သမားကြီးများကတိုက်ဖျက်ပေးကြရန်နှင့် နအဖ၏ မူဝါဒများ အောင်မြင်ရေးဆောင်ရွက်ကြရန် စစ်အစိုးရ ခေါင်းဆောင်၏ တိုက်တွန်းချက်ကို အတိုက်အခံနှင့် သုံးသပ်သူများက ဝေဖန်ရှုတ်ချလိုက်သည်။ **(Irrawaddy 010510) Read More...**

အတိုက်အခံအဖွဲ့အစည်းများ

(က) ပြည်တွင်းအင်အားစုများ

- အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အနေဖြင့် လာမည့်လ ၇ ရက်နေ့မှစတင်၍ နိုင်ငံရေးလုပ်ငန်းများ ရပ်ဆိုင်းကာလူမှုရေးလုပ်ငန်းများ လုပ်ဆောင်သွားမည်ဟု ပါတီပြောရေးဆိုခွင့်ရှိသူများက ပြောသည်။ **(Mizzima 260410) Read More...**
- ရွေးကောက်ပွဲအတွက် ဆန္ဒမဲပေးကြမည့် မဲဆန္ဒရှင် ပြည်သူများအနေဖြင့် စစ်အစိုးရ၏ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ရွေးကောက်ပွဲဆိုင်ရာ ဥပဒေအချက်အလက်များကို သိရှိနားလည်အောင် ကြိုးစားသင့်ကြောင်း မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ကပြောကြောင်း NLD ပြောခွင့်ရပုဂ္ဂိုလ် ဦးဉာဏ်ဝင်းက ပြောသည်။ **(RFA 260410) Read More...**
- မေလ ၆ ရက်နေ့နောက်ပိုင်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က လူမှုရေးလုပ်ငန်းများ လုပ်ကိုင်သည့်အခါ ပါတီအမည်နှင့်အလံအား ဆက်လက်သုံးစွဲပါက ကန့်ကွက်သွားမည်ဖြစ်ကြောင်း ပါတီခေါင်းဆောင်တစ်ဦးဖြစ်သူ ဦးခင်မောင်ဆွေကပြောသည်။ **(Mizzima 280410) Read More...**
- အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား ဖျက်သိမ်းခြင်းမပြုရေး တားဝရန်းထုတ်ပေးရန်နှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ ဆက်လက်ရပ်တည်ခွင့်ရှိကြောင်း ကြေညာပေးရန် တရားရုံးချုပ်သို့ အတိုက်အခံ ပါတီအမတ်များကယနေ့ ဦးတိုက် လျှောက်ထားလိုက်ကြသည်။ **(Mizzima 290410) Read More...**

Generated by Foxit PDF Creator © Foxit Software
http://www.foxitsoftware.com For evaluation only.



- လူမှုရေးလုပ်ငန်းများ လုပ်ဆောင်ရာတွင် ပါတီနာမည်မခံဘဲ မှတ်ပုံတင်ကာ တရားဝင်လုပ်ကိုင်သွားမည်ဟု အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ပြောသည်။ **(Mizzima 290410)** **Read More...**
- နိုင်ငံနှင့် လူမျိုးအတွက် ထမ်းဆောင်ရမည့် တာဝန်များကို ဝတ္တရားကျေပွန်အောင် မဆောင်ရွက်ခဲ့သည့်အတွက် မြန်မာ့ဒီမိုကရေစီ ခေါင်းဆောင်ဒေါ်အောင်ဆန်းစုကြည်က စစ်အစိုးရခေါင်းဆောင် ဗိုလ်ချုပ်မှူးကြီး သန်းရွှေကို တရားစွဲဆိုလိုက်ကြောင်း ဒေါ်အောင်ဆန်းစုကြည်၏ ရှေ့နေ ဦးကြည်ဝင်းကပြောသည်။ **(VOA 290410)** **Read More...**
- အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် **(NLD)** အထွေထွေအတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည်နှင့် **NLD** ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များက စစ်အစိုးရအား တရားစွဲဆိုလျှောက်ထားမှုများကို တရားရုံးချုပ်က အကြောင်းပြန်ကြားမည်ဟု ပြောဆိုလိုက်သည်။ **(NEJ 300410)** **Read More...**
- အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် **(NLD)** ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ၏ နိုင်ငံရေးအမြင်များ အမျိုးမျိုးဖြစ်နေပြီး ပါတီ ဖျက်သိမ်းခံရပြီးနောက် **NLD** ၏ အနာဂတ်အတွက် မူဝါဒအား ရှင်းလင်းခြင်းမရှိသေးကြောင်း ပါတီခေါင်းဆောင်တစ်ဦး ဖြစ်သူ ဦးဝင်းတင်ကပြောသည်။ **(Irrawaddy 300410)** **Read More...**
- အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရုံးများ စိမ်ခန့်ခွဲရေးကိစ္စနှင့်ပတ်သက်၍ ဧပြီလ ၃၀ ရက် နေ့စွဲဖြင့် အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးအောင်ရွှေက လက်မှတ်ရေးထိုးပြီး ပြည်နယ်တိုင်းအသီးသီးနှင့် မြို့နယ်အသီးသီးက အဖွဲ့ချုပ် ဥက္ကဋ္ဌများဆီသို့ ရည်ညွှန်းကာ **NLD** ဗဟိုက ကြေညာချက်ထုတ်ပြန်လိုက်ကြောင်း ပါတီပြောခွင့်ရပုဂ္ဂိုလ်တစ်ဦးဖြစ်သူ ဦးဉာဏ်ဝင်းက ပြောသည်။ **(RFA 300410)** **Read More...**
- မနက်ဖြန် မေလ ၁ ရက်တွင် ကျရောက်မည့် ကမ္ဘာ့အလုပ်သမားနေ့ **(May Day)** အတွက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က အလုပ်သမားနေ့ပေါ်ပေါက်လာပုံနှင့် အလုပ်သမားအခွင့်အရေးနှင့်ပတ်သက်သော ကြေညာချက်တစ်စောင် ထုတ်ပြန်လိုက်သည်။ **(RFA 300410)** **Read More...**
- ရခိုင်ပြည်နယ် တောင်ကုတ်မြို့ ကမ်းခြေရပ်ကွက် နေထိုင်သူ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် စည်းရုံးရေးမှူး ကိုသန်းမောင်ကို ဧပြီလ ၂၈ ရက်နေ့က အာဏာပိုင်များမှ ရိုက်နှက်ဖမ်းဆီးသွားကြောင်း ရခိုင်ပြည်နယ် **NLD** တွဲဘက် အတွင်းရေးမှူး ဦးသိန်းလှိုင်ကပြောသည်။ **(RFA 010510)** **Read More...**
- မြန်မာနိုင်ငံတွင် အလုပ်သမား အခွင့်အရေးများ ဆုံးရှုံးနေရပြီး အလုပ်သမား အခွင့်အရေး ချိုးဖောက်မှုများ ဆက်တိုက်ဖြစ်ပေါ်နေမှုကို သိရှိစေရန် ရည်ရွယ်ကာ ရောဝတီတိုင်း ဘိုကလေးမြို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က အလုပ်သမားနေ့ **(May Day)** အခမ်းအနားတစ်ရပ် ကျင်းပခဲ့သည်။ **(RFA 010510)** **Read More...**

## (ခ) တိုင်းရင်းသားလက်နက်ကိုင်အင်အားစုများ

- လက်နက်ကိုင်အပစ်ရပ်အဖွဲ့များနှင့် ပိုမိုနီးကပ်စွာ လက်တွဲပြီး စစ်အစိုးရအား စစ်မျက်နှာအနှံ့ဖြန့်၍ တိုက်ပွဲဆင်နွှဲသွားမည်ဟု အမျိုးသားဒီမိုကရေစီတပ်ပေါင်းစု (မဒတ) အထွေထွေအတွင်းရေးမှူး မိုင်းဘုန်းကျော်က ပြောသည်။ **(Mizzima 260410)** **Read More...**
- စပ်ယွက်စစ်ဦးဆောင်သည့် သျှမ်းပြည်တပ်မတော် ကျိုင်းတုံစစ်ဒေသနှင့် တြိဂံတိုင်းလက်အောက်ခံ စကခ ၁၈ နှင့် စကခ ၁၄ တို့အကြား ယခုလအတွင်း တိုက်ပွဲနှစ်ကြိမ်ဖြစ်ပွားခဲ့ရာ နအဖဘက်က ကျဆုံးသူနှင့်ဒဏ်ရာရရှိသူ အများအပြားရှိသကဲ့သို့ မိမိတို့ဘက်မှလည်း တစ်ဦးကျဆုံးကြောင်း **SSA** အရာရှိတစ်ဦးက ပြောသည်။ **(S.H.A.N 260410)** **Read More...**
- တိုင်းရင်းသားနယ်မြေများတွင် စစ်အစိုးရက တိုးစစ်ဆင်နေခြင်းနှင့် အပစ်ရပ်အဖွဲ့များကို စစ်ရေးအရ ခြိမ်းခြောက်နေမှုကို ချက်ချင်းရပ်ဆိုင်းရန် အမျိုးသားဒီမိုကရေစီတပ်ပေါင်းစု (မဒတ) က တောင်းဆိုလိုက်သည်။ **(RFA 270410)** **Read More...**
- လက်နက်ကိုင်အပစ်ရပ်အဖွဲ့များအားလုံး အသွင်ပြောင်းရမည်ဆိုသည့် နအဖ၏ တဘက်သတ် အစီအစဉ်ကြောင့် ပြည်တွင်းစစ် တကျော့ပြန်ဖြစ်လာနိုင်ကြောင်း လွယ်တိုင်းလျှံအခြေစိုက် သျှမ်းပြည်တပ်မတော် **SSA** ခေါင်းဆောင် စဝ်ယွက်စစ်က ပြောကြားလိုက်သည်။ **(S.H.A.N 280410)** **Read More...**

Generated by Foxit PDF Creator © Foxit Software
http://www.foxitsoftware.com For evaluation only.



- ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ် ဝေါလေ့ဂွင်၌ ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် **KNLA** နှင့် နအဖတပ် များအကြား ယနေ့နံနက်က တနာရီကြာတိုက်ပွဲဖြစ်ပွားခဲ့ရာ နှစ်ဖက်စလုံးထိခိုက်သေဆုံးမှုများရှိခဲ့ကြောင်း **KNLA** တပ်ရင်း (၂၀၁) ဒုတပ်ရင်းမှူး ဗိုလ်မှူးစောကြည်အောင်က ပြောသည်။ **(KIC 010510)** **Read More...**

## (ဂ) ပြည်ပအင်အားစုများ

- မြန်မာစစ်အစိုးရ ပြုလုပ်မည့် ၂၀၁၀ ရွေးကောက်ပွဲသည် ဒီမိုကရေစီအပြောင်းအလဲအတွက် "အခွင့်အလမ်းလား၊ စိန်ခေါ်မှုလား" ဟူသည့် ခေါင်းစဉ်ဖြင့် နော်ဝေနိုင်ငံရှိ ငြိမ်းချမ်းရေးစင်တာ၊ နော်ဝေ–မြန်မာကော်မတီနှင့် နော်ဝေ လူ့အခွင့်အရေးအများ စုပေါင်းကာ ဆွေးနွေးမှုတစ်ရပ် ကျင်းပပြုလုပ်ခဲ့သည်။ **(DVB 260410)** **Read More...**
- စစ်အစိုးရ ရွေးကောက်ပွဲအား တရားဥပဒေကြောင်းအရ တားဆီးရန်ကြိုးပမ်းသည့် ဒေါ်အောင်ဆန်းစုကြည်၊ **NLD** နှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၏ ဆောင်ရွက်ချက်များကို ထောက်ခံကြောင်း ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားကောင်စီက ကြေညာချက်တစ်စောင် ထုတ်ပြန်လိုက်သည်။ **(RFA 010510)** **Read More...**

## အပစ်ရပ်အဖွဲ့အစည်းများ

## (က) နယ်ခြားစောင့်တပ် အသွင်မပြောင်းရသေးသည့်အဖွဲ့များ

- ရှမ်းပြည်တပ်မတော် **SSA** မြောက်ပိုင်းအဖွဲ့ ဥက္ကဌ ဦးလွယ်မောင်းဦးဆောင်သော **CEC** အဖွဲ့ဝင် ၁၀ ဦးခန့်သည် ဧပြီလ ၂၂ ရက်နေ့က လားရှိုးအရှေ့မြောက်ပိုင်းစစ်ဌာနချုပ်ကို သွားရောက်ကာ နအဖစစ်အစိုးမှ ဖိအားပေးတိုက် တွန်းနေသည့် ပြည်သူ့စစ်ဖွဲ့စည်းရေးကို လက်ခံလိုက်ကြောင်း ရှမ်းသတင်းရပ်ကွက်မှဆိုသည်။ **(RFA 250410)** **Read More...**
- နယ်ခြားစောင့်တပ်အဖြစ် အသွင်ပြောင်းမည့်ကိစ္စကို လက်မခံသည့် စောဌေးမောင် ဦးဆောင်သည့် ကရင်ငြိမ်းချမ်း ရေးကောင်စီအဖွဲ့၏ စီးပွားရေးလုပ်ငန်းများကို နအဖမှ စတင်ကန့်သတ်ပိတ်ပင်လိုက်သည်ဟု အဖွဲ့ဝင်တစ်ဦးက ပြောသည်။ **(NEJ 260410)** **Read More...**
- ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ်အတွင်းရှိ ဖလူးကျေးရွာအနီးတွင် နအဖ အမှတ် (၉) စစ်ကွပ်ကဲရေးဌာနချုပ် လက်အောက်ခံ ခလရ (၁၀၆) တပ်ဖွဲ့က ကျေးရွာသားများကို သေနတ်ဖြင့်လာရောက်ခြိမ်းခြောက်မှုများပြုလုပ် သဖြင့် ဒီကေဘီအေနှင့်နအဖတပ်များအကြား ပစ်ခတ်မှုဖြစ်လုနီးပါး တင်းမာခဲ့သည်ဟု **DKBA** တပ်မဟာ (၅) တပ်မဟာမှူး ဗိုလ်မှူးကြီး စောလားပွယ် (နှုတ်ခမ်းမွေး)ကပြောသည်။ **(KIC 260410)** **Read More...**
- မြန်မာစစ်အစိုးရမှ မွန်ပြည်သစ်ပါတီကို ပြည်သူ့စစ်အသွင်ပြောင်းရန် ကမ်းလှမ်းထားချက်ကို ပါတီက လက်မခံနိုင် ကြောင်း အကြောင်းပြန်လိုက်ပြီးနောက် လက်ရှိတင်းမာနေသည့်အနေအထားမှ မွန်ပြည်သစ်ပါတီလက်အောက်ခံရှိ တင်းရင်းများက စစ်ရေးပြင်ဆင်မှုများပြုလုပ်နေသည်ဟု နီးစပ်သူတစ်ဦးကပြောသည်။ **(IMNA 260410)** **Read More...**
- နယ်ခြားစောင်တပ်အသွင်ပြောင်းရေးကိစ္စနှင့်ပတ်သက်၍ ဧပြီလ ၂၂ ရက်နေ့က နှစ်ဘက်တွေ့ဆုံ ဆွေးနွေးမှုသည် နောက်ဆုံးအကြိမ်ဖြစ်ကြောင်း ကချင်ပြည်လွတ်လပ်ရေးအဖွဲ့ **(KIO)** ကို မြောက်ပိုင်းတိုင်းမှူး ဗိုလ်ချုပ်စိုးဝင်းက ပြောကြားလိုက်သည်။ **(S.H.A.N 270410)** **Read More...**
- နယ်ခြားစောင့်တပ်အသွင် ပြောင်းလဲဖွဲ့စည်းရေးကိစ္စကို ငြင်းဆန်နေခြင်းကြောင့် အပစ်ရပ်တိုင်းရင်းသားအဖွဲ့များကို ဧပြီလ ၂၈ ရက်နေ့နောက်ပိုင်းတွင် စစ်ရေးအရဖြေရှင်းသွားရန် အစီအစဉ်ရှိကြောင်း တရုတ်အစိုးရကို မြန်မာစစ် ခေါင်းဆောင်များက အကြောင်းကြားထားသည်ဟု တရုတ်–မြန်မာနယ်စပ်အခြေစိုက် စစ်ရေးလေ့လာသူ ဦးအောင် ကျော်ဇောကပြောသည်။ **(RFA 270410)** **Read More...**
- နယ်ခြားစောင့်တပ်အသွင်ပြောင်းရန် လက်မခံသည့် **KNU-KNLA** ငြိမ်းချမ်းရေးကောင်စီအဖွဲ့ အခြေစိုက်ရာ ကော့က ရိတ်မြို့နယ် ထိုကိုကိုးရွာရှိ ဌာနချုက်ကို နအဖတပ်ဖွဲ့များက အင်အားအလုံးအရင်းဖြင့် ဝင်ရောက်ချေမှုန်းရန် စစ်ရေး

Generated by Foxit PDF Creator © Foxit Software
http://www.foxitsoftware.com For evaluation only.



ပြသမှုများ လုပ်ဆောင်နေသဖြင့် တပ်ဖွဲ့ဝင်များ စခန်းမှ စတင်ဆုတ်ခွာနေသည်ဟု တပ်မှူးတစ်ဦးကပြောသည်။ **(NEJ 280410)** Read More...

- နယ်ခြားစောင့်တပ်အသွင်ပြောင်းရေးကိစ္စအား မိုင်းလားအဖွဲ့နှင့်ပြောဆိုဆွေးနွေးရန်အတွက် ရှမ်းပြည်အရှေ့ပိုင်း ကျိုင်းတုံရှိ တြိဂံတိုင်းမှူးဦးဆောင်သည့်အဖွဲ့သည် မိုင်းလားဒေသသို့ ယနေ့နံနက်ပိုင်းက သွားရောက်ခဲ့သည်ဟု ဒေသခံများကပြောသည်။ **(DVB 280410)** Read More...
- နယ်ခြားစောင့်တပ်အသွင်ပြောင်းရေးကိစ္စအား နအဖ ဝန်ကြီး ဗိုလ်ချုပ်သိန်းဇော်တို့နှင့် တွေးဆုံဆွေးနွေးရန်အတွက် ကချင်လွတ်မြောက်ရေးအဖွဲ့ **KIO** ခေါင်းဆောင်များက မြစ်ကြီးနားမြို့သို့ ထွက်ခွာသွားကြောင်း **KIO** သတင်းရပ်ကွက်မှဆိုသည်။ **(RFA 280410)** Read More...
- စစ်အစိုးရနှင့်အပစ်ရပ်ထားသည့် လက်နက်ကိုင်အဖွဲ့များကို နယ်ခြားစောင့်တပ်အသွင်ပြောင်းရေးကိစ္စကို စစ်အစိုးရက နောက်ဆုံးရက် သတ်မှတ်ထားမှုအား ယခုလ ၂၈ ရက်နေ့က ကုန်ဆုံးသွားပြီးဖြစ်သော်လည်း အင်အားအများဆုံးဖြစ်သည့် ဝပြည်သွေးစည်းညီညွတ်ရေးတပ်မတော်အပါအဝင် တိုင်းရင်းသားအဖွဲ့အချို့ အကြောင်းပြန်မှုမရှိသေးဟုဆိုသည်။ **(VOA 280410)** Read More...
- နအဖစစ်အစိုးရ၏ ကမ်းလှမ်းထားသည့် အပစ်ရပ်အဖွဲ့များ နယ်ခြားစောင့်တပ်ဖွဲ့စည်းရေးကို တိုးတက်သော ပုဒ္ဓဘာသာကရင်အမျိုးသားတပ်မတော် **(DKBA)** က နအဖအာဏာပိုင်များနှင့် ယမန်နေ့ကတွေ့ဆုံစဉ် ယေဘုယျအားဖြင့် သဘောတူထားကြောင်း **DKBA** တပ်မဟာ (၉၉၉) မှ တပ်ရင်းမှူးတစ်ဦးကပြောသည်။ **(KIC 280410)** Read More...
- တိုင်းရင်းသားအပစ်ရပ်အဖွဲ့များ နယ်ခြားစောင့်တပ်အသွင်ပြောင်းရန် နအဖအစိုးရက နောက်ဆုံးရက်အဖြစ်သတ်မှတ်ထားသည့် ဧပြီ (၂၈) ရက် ကျော်လွန်လာခဲ့သော်လည်း တရုတ်–မြန်မာနယ်စပ်ရှိ အပ်စရပ်အဖွဲ့များ၏ နယ်မြေများတွင် စစ်ရေးလှုပ်ရှားမှု မတွေ့ရသေးဘဲ နအဖ၏ တုံ့ပြန်လာနိုင်မှုကိုသာ စောင့်ကြည့်နေကြသည်။ **(NEJ 290410)** Read More...
- ကချင်လွတ်မြောက်ရေးအဖွဲ့ **KIO** အနေဖြင့် လွန်ခဲ့သည့် ရက်ပိုင်းက ဝန်ကြီးဗိုလ်ချုပ်သိန်းဇော်နှင့် တွေ့ဆုံခြင်းသည် အပြန်အလှန် နားလည်မှုရယူခြင်းဖြစ်ကြောင်း **KIO** က ပြောသည်။ **(RFA 290410)** Read More...
- အပစ်ရပ်အဖွဲ့များနှင့် နအဖတို့ တိုက်ပွဲဖြစ်လာမည်ကို ကြိုတင်ကာကွယ်သည့်အနေဖြင့် တရုတ်စစ်တပ်များက ဝပြည်နယ်မြို့တော် ပန်ဆန်းနှင့်ကပ်လျက်ရှိသည့် နယ်စပ်တလျှောက်တွင် တပ်စွဲထားသည်ဟု ဝပြည်သွေးစည်းညီညွတ်ရေးတပ်မတော် **(UWSA)** အရာရှိတစ်ဦးကပြောသည်။ **(Irrawaddy 300410)** Read More...

## (ခ) နယ်ခြားစောင့်တပ်အသွင်ပြောင်းပြီးသည့်အဖွဲ့များ

- ဧပြီလ ၂၂ ရက်နောက်ဆုံးထား အမည်စာရင်းပေးပို့၍ ၂၈ ရက်နေ့အပြီး အသွင်ပြောင်းရမည်ဆိုသည့် နအဖ၏ ဖိအားပေးမှုကြောင့် ဗဟိုကော်မတီအဖွဲ့ရုံးစိုက်ရာ မြောက်ပိုင်းအပစ်ရပ် **SSA** ဌာနချုပ်အား အခမ်းအနားဖြင့် စိန်ကျော့ ဌာနေပြည်သူ့စစ်အဖြစ် ယခုလ ၂၅ ရက်နေ့က နအဖအာဏာပိုင်များက အသွင်ပြောင်းပေးလိုက်ကြောင်း ၎င်းဌာန ချုပ်နေပြည်သူတစ်ဦးက ပြောသည်။ **(S.H.A.N 270410)** Read More...
- သျှမ်းပြည်မြောက်ပိုင်း အပစ်ရပ် **SSA** နယ်မြေအတွင်း အမည်မသိလက်နက်ကိုင်တစ်ခုနှင့် နအဖ စစ်ယာဉ်တန်းတို့ တိုက်ပွဲဖြစ်ပွားခဲ့ကြောင်း အပစ်ရပ် **SSA** တပ်မှူးတစ်ဦးက ပြောသည်။ **(S.H.A.N 300410)** Read More...
- နအဖ စစ်ယာဉ်တန်းက မိမိဖာသာ ပေါ့လျော့မှုကြောင့် မိမိကျည်လွတ်ထွက်မှုကို အပစ်ရပ်သျှမ်းပြည်တပ်မတော်က ခြုံခိုတိုက်ခိုက်ခြင်းဖြစ်ကြောင်း လားရှိုးဒုတိုင်းမှူးမှစွပ်စွဲခဲ့ကြောင်း အပစ်ရပ်ရှမ်းသျှမ်းပြည်တပ်မတော် တပ်မဟာ (၁) တပ်မှူးတစ်ဦးကပြောသည်။ **(S.H.A.N 010510)** Read More...

Generated by Foxit PDF Creator © Foxit Software
http://www.foxitsoftware.com For evaluation only.



## နိုင်ငံတကာဆောင်ရွက်မှုများ

### (က) အစိုးရများ

- မြန်မာစစ်အစိုးရကို စီးပွားရေးအရ ဆက်လက်ပိတ်ဆို့ အရေးယူသွားမည်ဟု ယနေ့ကျင်းပသည့် ဥရောပသမဂ္ဂ **EU** နိုင်ငံခြားရေးရာကောင်စီ အစည်းအဝေးတွင် ဆုံးဖြတ်လိုက်သည်။ **(DVB 260410)** [Read More...]
- မြန်မာစစ်အစိုးရနှင့် အနီးကပ်ဆက်ဆံရေး ချမှတ်ထားသည့် အမေရိကန်သမ္မတ အိုဘားမားအစိုးရ၏ မူဝါဒသည် ထိရောက်မှုမရှိကြောင်း အင်ဒီယားနားပြည်နယ်ရှိ မြန်မာအများစုက သုံးသပ်သည်ဟု အမေရိကန်နိုင်ငံခြား ဆက်ဆံရေးကော်မတီ ကိုယ်စားလှယ် **Mr. Keith Luse** က ပြောသည်။ **(RFA 260410)** [Read More...]

### (ခ) အစိုးရမဟုတ်သော အဖွဲ့အစည်းများ

- ရတနာ သဘာဝဓာတ်ငွေ့တူးဖော်ရေးတွင် မြန်မာစစ်အစိုးရနှင့် ပူးပေါင်းလုပ်ကိုင်နေသော နိုင်ငံခြားကုမ္ပဏီများ၏ ငွေပေးချေမှု ဘဏ္ဍာရေးဆိုင်ရာများကို လူသိရှင်ကြား ထုတ်ဖော်ကြေညာပေးရန် **Earth Right International (ERI)** အဖွဲ့က ယနေ့ တောင်းဆိုလိုက်သည်။ **(Irrawaddy 270410)** [Read More...]
- ဖမ်းဆီးထားသည့် နာဂစ်မုန်တိုင်းဘေး ဒုက္ခသည်များကို ကူညီသူများနှင့် နိုင်ငံရေးအကျဉ်းသားများကို ပြန်လွှတ်ပေးရန်အတွက် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများအနေဖြင့် နအဖစစ်အစိုးရကို ပိုမိုဖိအားပေးရန် အမေရိကန်အခြေစိုက် လူ့အခွင့်အရေး စောင့်ကြည့်လေ့လာရေးအဖွဲ့ **HRW** က တောင်းဆိုလိုက်သည်။ **(RFA 290410)** [Read More...]

## အခြားအင်အားစုများ

### အခြားနိုင်ငံရေးအင်အားစုများ

- စစ်အစိုးရ ကျင်းပမည့် ရွေးကောက်ပွဲအတွက် နိုင်ငံရေးပါတီများ တရားဝင်မှတ်ပုံတင်ရန် ဥပဒေထုတ်ပြန်ခဲ့ပြီး မှတ်ပုံတင်လျှောက်ထားခွင့်အဆင့်ထိသာ ရှိနေသေးသော်လည်း တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ (တစည) နှင့် ခေတ်သစ်ပြည်သူ့ပါတီတို့က ဧရာဝတီတိုင်းအတွင်း စည်းရုံးရေးလုပ်ငန်းများ စတင်ဆောင်ရွက်နေပြီဖြစ်သည်။ **(RFA 250410)** [Read More...]
- ၈၈ မျိုးဆက်ကျောင်းသားလူငယ်များ (ပြည်ထောင်စုမြန်မာနိုင်ငံ) ပါတီက ပါတီရန်ပုံငွေအဖြစ် ဗဟိုအဆင့်တစ်ဦး ကျပ် (၁) သိန်းမှ အဖွဲ့ဝင်ကြေးတစ်ဦး ကျပ် (၅၀၀) အထိ အသီးသီး သတ်မှတ်ကောက်ခံနေပြီဖြစ်သည်။ **(NEJ 260410)** [Read More...]
- ရန်ပုံငွေလိုအပ်နေသဖြင့် စစ်အစိုးရက ငွေကူညီလျှင်လက်ခံသွားမည်ဟု ၂၀၁၀ ရွေးကောက်ပွဲဝင်ရန် ပြင်ဆင်နေသည့် မတူကွဲပြားခြင်းနှင့် ငြိမ်းချမ်းရေးပါတီ **(Diversity and Peace Party - DPP)** ဒု–ဥက္ကဋ္ဌ ဦးတင်မောင်အေးက ပြောသည်။ **(Mizzima 260410)** [Read More...]
- မဲဆန္ဒနယ် တစ်နယ်တွင် ရွေးကောက်တင်မြှောက်ခံမည့် လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးတည်းသာရှိပါက ယင်းပုဂ္ဂိုလ်သာ လွှတ်တော်ကိုယ်စားလှယ်ဖြစ်လာမည်ဖြစ်၍ မဲဆန္ဒနယ်အားလုံးကို ဝင်ရောက်ယှဉ်ပြိုင်နိုင်သည့် ပါတီအနေဖြင့် ရွေးကောက်ပွဲတွင် အခြေအနေကောင်းနိုင်ဖွယ်ရှိသည်ဟု ရွေးကောက်ပွဲတွင် ဝင်မည့် နိုင်ငံရေးသမားများကရှုမြင်နေကြသည်။ **(Eleven Media Group 280410)** [Read More...]
- ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ ခေါင်းဆောင်အနေဖြင့် ဗိုလ်ချုပ်ကြီး သိန်းစိန်မှ ဝန်ကြီးချုပ်ရာထူးအား ဆက်လက်ကိုင်စွဲထားခြင်းသည် ပါတီမှတ်ပုံတင်ခြင်း ဥပဒေနှင့် ကိုက်ညီခြင်းမရှိကြောင်း ရွေးကောက်ပွဲဝင်မည့် အခြားသောပါတီများကပြောသည်။ **(Irrawaddy 010510)** [Read More...]

Generated by Foxit PDF Creator © Foxit Software
http://www.foxitsoftware.com For evaluation only.



## တိုင်းရင်းသားနိုင်ငံရေးပါတီများ

- ဘိန်းအစားထိုးသီးနှံစီမံကိန်း အောင်မြင်မှုမရသော 'ဝ' နယ်မြေတွင် ပြည်ပဈေးကွက်ကို အားထားသောသီးနှံများ စိုက်ပျိုးရန်လိုသည်ဟု ရွေးကောက်ပွဲဝင်ရန် မှတ်ပုံတင်မည့် 'ဝ' အမျိုးသားစည်းလုံးညီညွတ်ရေးပါတီ နယက ဦးဖီးလစ်ဆမ်ကပြောသည်။ **(Mizzima 270410)** [Read More...]
- ၂၀၁၀ ရွေးကောက်ပွဲအတွက် ပါတီမှတ်ပုံတင်ခွင့်ရရန် လျှောက်ထားသည့် ပါတီများထဲမှ ရခိုင်ပြည်နယ်မှ နိုင်ငံရေး ပါတီတစ်ခုဖြစ်သည့် မြို (ခေါ်) ခမီအမျိုးသားညီညွတ်ရေးအဖွဲ့ (မ.ခ.မ.ည.ဖ) ကို ရွေးကောက်ပွဲကော်မရှင်က မှတ်ပုံ တင်ခွင့်ပြုလိုက်ပြီဖြစ်သည်။ **(Narinjara 290410)** [Read More...]

## ပြည်သူနှင့် လူထုအခြေပြုအသင်းအဖွဲ့များ

- မွန်ပြည်သစ်ပါတီနှင့် စစ်အစိုးရတို့၏ စစ်ရေးပဋိပက္ခဖြစ်နိုင်သည့် အရိပ်အယောင်များ မြင်တွေ့နေရသည့်အတွက် မွန်ပြည်သစ်ပါတီ ထိန်းချုပ်နယ်မြေအတွင်းမှ ရွာသားများက အိုးအိမ်စွန့်ခွာကာ စစ်ဘေးလွတ်ကင်းနိုင်မည့် ထိုင်း– မြန်မာနယ်စပ် ခလောက်ခနီ မွန်ဒုက္ခသည်စခန်းသို့ ထွက်ပြေးတိမ်းရှောင်နေကြသည်။ (IMNA 260410) [Read More...]
- ရန်ကုန်တိုင်းအခြေစိုက် လယ်သမားများ ကူညီရေးအဖွဲ့ဖြစ်သည့် စာခြောက်ရုပ်အဖွဲ့ ခေါင်းဆောင် ဦးသန်းဆွေကို ယမန်နှစ်က ကြံ့ဖွံ့ထံမှ မြေသြဇာအား အကြွေးဖြင့်ယူပြီး အကြွေးပြန်မပေးသဖြင့် အာဏာပိုင်များက ခရမ်းတရားရုံး တွင် တရားစွဲဆိုလိုက်သည်။ **(DVB 270410)** [Read More...]
- စစ်ရေးပဋိပက္ခများ ဖြစ်ပေါ်လာနိုင်ဖွယ်ရှိသည့်သတင်းကြောင့် နေအိမ်စွန့်ခွာပြီး ခလောက်ခနီ ဒုက္ခသည်စခန်းသို့ ထွက်ပြေးတိမ်းရှောင်လာကြသည့် မွန်ပြည်သူများအတွက် နေထိုင်ရေးနှင့် စားနပ်ရိက္ခာများ အခက်အခဲကြုံတွေ့ဖွယ် ရှိသည်ဟု ခလောက်ခနီ မွန်ဒုက္ခသည်စခန်းမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။ **(IMNA 270410)** [Read More...]
- လာမည့်ရွေးကောက်ပွဲတွင် စစ်အစိုးရနှင့် နီးစပ်သည့် နာမည်ကြီး စီးပွားရေးလုပ်ငန်းရှင်ကြီးများ ပါဝင်ယှဉ်ပြိုင်လိမ့် မည်ဟု ရန်ကုန် စီးပွားရေးလုပ်ငန်းရှင်များ အသိုင်းအဝန်းတွင် ပြောဆိုနေကြသည်။ **(Irrawaddy 280410)** [Read More...]
- ဧပြီလ ၂၈ ရက်နေ့ ဝတပ်ဖွဲ့အား နအဖမှ ထိုးစစ်ဆင်တိုက်ခိုက်မည်ဆိုသည့်သတင်းကြောင့် တောင်ပိုင်း ဝ လှုပ်ရှား နယ်မြေအတွင်းရှိ ကျေးလက်လူထုထောင်ချီ ထိုင်းနယ်စပ်သို့ ဆက်လက်ထွက်ပြေးနေသည်ဟု ထိုင်းနယ်စပ်နေ စိုင်းအိုက်ကပြောသည်။ **(S.H.A.N 280410)** [Read More...]
- စစ်အစိုးရ၏ နယ်ခြားစောင့်တပ်ကို လက်မခံနိုင်သည့် တိုးတက်သောဒီမိုကရက်တစ် ဗုဒ္ဓဘာသာကရင်အမျိုးသား တပ်မတော် **(DKBA)** အချို့နှင့် စစ်အစိုးရအကြား တိုက်ပွဲဖြစ်လာမည်ကိုစိုးရိမ်သည့်အတွက် ကရင်ရွာသား ၁ သောင်းခန့် ထိုင်းနယ်စပ်သို့ ထွက်ပြေးရောက်ရှိလာနိုင်ကြောင်း လူမှုရေးအဖွဲ့များကပြောသည်။ **(KIC 290410)** [Read More...]
- မြန်မာနိုင်ငံရေးလှုပ်ရှားမှုတွင် အလုပ်သမားများနှင့် နိုင်ငံရေးအဖွဲ့အစည်းများ ညီညွတ်စွာဆက်စပ်ပူးပေါင်း၍ တိုက်ပွဲ ဝင်နိုင်ရန်အတွက် ရည်ရွယ်ပြီး ထိုင်း–မြန်မာနယ်စပ်မဲဆောက်မြို့တွင် နိုင်ငံတကာအလုပ်သမားနေ့နှင့်အတူ နိုင်ငံရေး ဆွေးနွေးညှိနှိုင်းမှုတစ်ရပ်ကို မြန်မာနိုင်ငံအလုပ်သမား သွေးစည်းညီညွတ်ရေးအဖွဲ့ **(BLSO)** က ဦးစီးကျင်းပ မည် ဖြစ်သည်။ **(NEJ 300410)** [Read More...]
- မြန်မာနိုင်ငံတွင် ကမ္ဘာ့အလုပ်သမားနေ့ အခမ်းအနားကို ကျင်းပခွင့်မရသဖြင့် မြန်မာနိုင်ငံ အလုပ်သမားသမဂ္ဂများ အဖွဲ့ချုပ်က ကြီးမှူးပြီး အကြိမ် ၁၂၀ မြောက် ကမ္ဘာ့အလုပ်သမားနေ့ အခမ်းအနားကို နယူးဒေလီမြို့ အနောက်ပိုင်း မြန်မာ့ရိပ်သာခမ်းမ၌ ကျင်းပခဲ့သည်။ **(RFA 010510)** [Read More...]
- မြန်မာနိုင်ငံ အလုပ်သမား၊ လယ်သမား သွေးစည်းညီညွတ်ရေးအဖွဲ့ချုပ် **(WFSLB)** က ကမ္ဘာ့အလုပ်သမားနေ့ အထိမ်းအမှတ် လှုပ်ရှားမှုတစ်ရပ်ကို ရန်ကုန်တိုင်း မြို့နယ်အချို့တွင် ဧပြီလ ၂၉ ရက်နှင့် ၃၀ ရက်နေ့က ပြုလုပ်ခဲ့ကြ သည်။ **(RFA 010510)** [Read More...]

Generated by Foxit PDF Creator © Foxit Software
http://www.foxitsoftware.com For evaluation only.



- အလုပ်သမား အခွင့်အရေးချိုးဖောက်ခံနေရသည့် ကရင်ပြည်နယ် ဒေသများတွင် ကော်သူလေ အလုပ်သမား သမဂ္ဂများအဖွဲ့ချုပ် **(FTUK)** မှ ကြီးမှူးပြီး ကမ္ဘာ့အလုပ်သမားနေ့ အခမ်းအနားအား ခရိုင်သုံးခုရှိ ဒေသခံများနှင့် အတူ ကျင်းပြုပ်လုပ်ခဲ့သည်။ **(KIC 010510)** **Read More...**

---

***End of report/ Saturday, April 24, 2010***
ဒီမိုကရေစီနှင့်ဖွံ့ဖြိုးတိုးတက်ရေးအင်အားစု၊ သုတေသနနှင့် မှတ်တမ်းတင်ဌာနမှ ထုတ်ဝေဖြန့်ချိသည်။
***Documentation and Research Department (NDD)***

---